## စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## အမှတ် (၈) စက်မှုသင်တန်းကျောင်း (သထုံ)
## ကျွမ်းကျင်မှုအခြေပြု ကာလတို(၃)လသင်တန်း၊ အမှတ်စဉ် (၁) သင်တန်းဝင် ညွှန်ကြားလွှာ

**အကြောင်းအရာ**

၁။ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စက်မှုဝန်ကြီးဌာနတွင် သင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်၍ စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးလျက်ရှိရာ စက်မှုသင်တန်းကျောင်း(၈)ကျောင်းအနက် အမှတ်(၈)စက်မှုသင်တန်းကျောင်း(သထုံ)သည် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်ရှိ ဒေသခံပြည်သူများ၊ လူငယ်လူရွယ်များ စက်မှုအခြေခံပညာတတ်မြောက်၍ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ပြီး ကျွမ်းကျင်မှုအခြေပြု ကာလတို (၃) လ သင်တန်း၊ အမှတ်စဉ်(၁)အတွက် သင်တန်းသားသစ်များ ခေါ်ယူခြင်း။

**သင်တန်းအမည်**

၂။ အမှတ် (၈) စက်မှုသင်တန်းကျောင်း(သထုံ)၊ ကျွမ်းကျင်မှုအခြေပြု ကာလတို(၃)လ သင်တန်းအမှတ်စဉ်(၁)။

**သင်တန်းဖွင့်လှစ်မည့်နေရာ**

၃။ မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ သထုံမြို့မှ အရှေ့ဘက် (၇)မိုင်အကွာ၊ ကြာပန်းကျေးရွာ၊ သထုံ-ဘားအံလမ်းမကြီး၊ အမှတ်(၂၁) အကြီးစားစက်ရုံ (သထုံ) ၏ အနောက်ဘက်အရပ်ရှိ အမှတ်(၈)စက်မှုသင်တန်းကျောင်း(သထုံ)တွင် ဖွင့်လှစ်ပါမည်။

**သင်တန်းအမျိုးအစား နှင့် လက်ခံသင်ကြားမည့်ဦးရေ**

၄။ အမှတ်စဉ်(၁) ကျွမ်းကျင်မှုအခြေပြု ကာလတို(၃)လ သင်တန်းကို ဘာသာရပ်(၄)ခုဖြင့် လက်တွေ့ ဦးစားပေးကာ စာတွေ့ (၂၀%)၊ လက်တွေ့ (၈၀%) သင်ကြားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသား/သူ စုစုပေါင်း( ၉၆ )ဦးကို အောက်ဖော်ပြပါ ဘာသာရပ်များအလိုက် လက်ခံသင်ကြားပေးမည် ဖြစ်ပါသည်-

| စဉ် | သင်ကြားပို့ချမည့် ဘာသာရပ် | သင်တန်းသား/သူဦးရေ | သင်တန်းကာလ |
|---|---|---|---|
| ၁ | Rubber Technology Course<br>ရာဘာနည်းပညာသင်တန်း | ၂၄ ဦး | ၃ လ |
| ၂ | Welding Course<br>ဂဟေဆက်ပညာသင်တန်း | ၂၄ ဦး | ၃ လ |
| ၃ | Electrician Course<br>လျှပ်စစ်ပညာသည်သင်တန်း | ၂၄ ဦး | ၃ လ |
| ၄ | Information Technology Course<br>သတင်းအချက်အလက်နှင့်နည်းပညာ သင်တန်း | ၂၄ ဦး | ၃ လ |
| | **စုစုပေါင်း** | **၉၆ ဦး** | |

**လျှောက်ထားခွင့်ရှိသူများ**

၅။ ကျန်းမာရေး ကောင်းမွန်ပြီး စက်မှုဝါသနာပါသူများ ဖြစ်ရမည်။

**လျှောက်ထားသူများတွင် ရှိရမည့် သတ်မှတ် အရည်အချင်းများ**

၆။ လျှောက်ထားသူများသည် အောက်ဖေါ်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ ဖြစ်ရမည် -

(က) အခြေခံပညာ အလယ်တန်းအဆင့် သင်ယူ/ဖြေဆိုဖူးသူ (သို့မဟုတ်) KG+9 ပြီးမြောက်သူ ဖြစ်ရမည်။
( ခ ) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။
( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) သင်တန်းကိုပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းတွင် ချုပ်ဆိုရမည့် ဝန်ခံကတိစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

**လျှောက်ထားခြင်း**

၇။ လျှောက်လွှာများအား အောက်ဖော်ပြပါ ဌာနများတွင် ရယူနိုင်ပြီး၊ လျှောက်လွှာပါ အချက်အလက်များ၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များကို သေချာစွာဖြည့်စွက် လျှောက်ထားရန် လိုအပ်ပါသည်။

**(က) လျှောက်လွှာရရှိနိုင်သောနေရာများ**

လျှောက်လွှာများအား အောက်ဖော်ပြပါဌာနများတွင် ရယူနိုင်ပါသည်-

(၁) စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။
(၂) အမှတ်(၈)စက်မှုသင်တန်းကျောင်း(သထုံ)၊သထုံမြို့၊ မွန်ပြည်နယ်။
(၃) အုပ်ချုပ်ရေးမှူးရုံး၊ သထုံမြို့၊ မွန်ပြည်နယ်။
(၄) www.industry.gov.mm တွင် download ပြုလုပ်ပြီး ရယူနိုင်ပါသည်။

**( ခ ) လျှောက်လွှာပေးပို့ရန်နေရာ**

လျှောက်လွှာများအား အောက်ဖော်ပြပါ ဌာနများသို့ ပေးပို့နိုင်ပါသည်-

(၁) အမှတ်(၈)စက်မှုသင်တန်းကျောင်း(သထုံ)၊ သထုံမြို့၊ မွန်ပြည်နယ်။
(၂) စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။

**( ဂ ) လျှောက်လွှာနှင့်အတူ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ**

လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပါရှိရမည် -

| | |
|---|---|
| (၁) လျှောက်လွှာမူရင်း | ( ၁ ) စောင် |
| (၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ | ( ၁ ) စောင် |
| (၃) လိုင်စင်ဓါတ်ပုံ | ( ၃ ) ပုံ |

(၄) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာ ( မူရင်း ) (သို့မဟုတ်) ပြစ်မှုကင်းရှင်းကြောင်းမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာ( မူရင်း ) ( ၁ ) စောင်

(၅) အလယ်တန်း သင်ယူဖူးကြောင်း ထောက်ခံစာ(မူရင်း) ( ၁ ) စောင်

(၆) သက်ဆိုင်ရာ မြို့နယ်ဆရာဝန်၏ ကျန်းမာကြောင်း ဆေးထောက်ခံစာ(မူရင်း) ( ၁ ) စောင်

**သင်တန်းသားများအား တွေ့ဆုံမေးမြန်းခြင်း**

၈။ သင်တန်းတက်ရောက်လိုသော သင်တန်းသားများသည် (၂၁.၉.၂၀၂၃) ရက်နေ့ နံနက် (၈:၀၀) နာရီအချိန်ထက် နောက်မကျဘဲ သင်တန်းကျောင်းသို့ လာရောက်တွေ့ဆုံ သတင်းပို့ရမည် ဖြစ်ပါသည်။

လာရောက်ချိန်တွင်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)

( ခ ) အလယ်တန်း သင်ယူဖူးကြောင်း ထောက်ခံစာ လက်မှတ်(မူရင်း)တို့ကို တစ်ပါတည်း ယူဆောင်လာရမည်။

**လျှောက်လွှာလက်ခံခြင်းနှင့် သင်တန်းသားလက်ခံခြင်း**

၉။ အမှတ်စဉ်(၁)သင်တန်းဖွင့်လှစ်ရန်အတွက် လျှောက်လွှာလက်ခံခြင်းအား (၁၄-၈-၂၀၂၃) ရက်နေ့မှစ၍ လက်ခံသွားမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်ကို (၂၁.၉.၂၀၂၃)ရက်နေ့ နံနက်(၈)နာရီ အချိန်အထိ လက်ခံပေးမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသော သင်တန်းသားများအား (၂၁.၉.၂၀၂၃) ရက်နေ့တွင် စတင်လက်ခံသွားမည်ဖြစ်ပါသည်။

**သင်တန်းကာလ**

၁၀။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(၁၈) ရက်နေ့အထိ။

**နေရာထိုင်ခင်း**

၁၁။ သင်တန်းတက်ရောက်စဉ် ကာလအတွင်း နေရာထိုင်ခင်းအစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သင်တန်းတက်ရောက်ခွင့်ရသူများအား ဦးစားပေးအစီအစဉ်အလိုက် အသင့် နေထိုင်နိုင်သော ကျောင်းဆောင်များတွင် နေရာချထားပေးမည်ဖြစ်ပြီး ပြင်ပတွင် နေထိုင်ခွင့်မပြုပါ။

( ခ ) သင်တန်းသား/သူများ၏ မိသားစုများအား သင်တန်းကာလအတွင်း မည်သို့သော အကြောင်းကြောင့်ဖြစ်စေ သင်တန်းကျောင်း အိပ်ဆောင်များတွင် လာရောက် တည်းခိုခွင့်မပြုပါ။

**စားစရိတ်**

၁၂။ သင်တန်းသားတစ်ဦးလျှင် လစဉ် စားစရိတ်အဖြစ် (၁၅,၀၀၀) ကျပ်ကို နိုင်ငံတော်မှ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

**သတ်မှတ်ယူနီဖောင်း**

၁၃။ သင်တန်းကာလအတွင်း သင်တန်းသား/သူအားလုံးသည် နက်ပြာရောင် (အင်္ကျီ၊ ဘောင်းဘီ ရှည်) တူညီယူနီဖောင်းကို ဝတ်ဆင်ရမည်။ ယူနီဖောင်းစရိတ် (၁၂,၀၀၀) ကျပ်အား နိုင်ငံတော်မှ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

**စည်းကမ်းချက်များ**

၁၄။ သင်တန်းသားများသည် အောက်ပါသင်တန်း စည်းကမ်းများကို လိုက်နာကြရမည်-

(က) သင်တန်းကာလပြီးဆုံးအောင် တက်ရောက်ပါမည်ဟု သင်တန်းသားကိုယ်တိုင်နှင့် အုပ်ထိန်းသူတို့မှ ခိုင်မာသောကတိဝန်ခံချက် လက်မှတ်ရေးထိုးရပါမည်။

( ခ ) သင်တန်းကာလ(၃)လအတွင်း မည်သည့်အခြားစာမေးပွဲမှ ဖြေဆိုခွင့်မပြုပါ။

( ဂ ) သင်တန်းသား/သူများသည် သင်တန်းကာလအတွင်း ကျောင်းခေါ်ချိန်(၈၀%) ပြည့်မှသာ စာမေးပွဲဖြေဆိုခွင့်ပြုပါမည်။

(ဃ) သင်တန်းကျောင်းမှဖြစ်စေ၊ စက်မှုဝန်ကြီးဌာနမှဖြစ်စေ အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာရပါမည်။

**အောင်လက်မှတ် ချီးမြှင့်ခြင်း**

၁၅။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်၍ အောင်မြင်သော သင်တန်းသားများအား သင်တန်း ဆင်းပွဲအခမ်းအနားတွင် အောင်လက်မှတ် ချီးမြှင့်မည်ဖြစ်ပါသည်။

**မှတ်ချက်။ စက်မှုဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းများမှဝန်ထမ်းများလျှောက်ထားနိုင်ပါသည်။**

ဓာတ်ပုံ (၁) ပုံကပ်ရန်

အပို (၂) ပုံ ပူးတွဲတင်ပြရန်

**စက်မှုဝန်ကြီးဌာန**

**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

**အမှတ်(၈) စက်မှုသင်တန်းကျောင်း(သထုံ)**

**ကျွမ်းကျင်မှုအခြေပြု ကာလတို (၃) လသင်တန်း**

**အမှတ်စဉ် (၁) သင်တန်းဝင်ခွင့် လျှောက်လွှာ**

၁။ လျှောက်ထားသူအမည် ---------------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ---------------------------------------------------

၃။ မွေးသက္ကရာဇ်/ အသက် ---------------------------------------------------

၄။ လူမျိုး/ ဘာသာ ---------------------------------------------------

၅။ အောင်မြင်ခဲ့သောပညာအရည်အချင်း ---------------------------------------------------

၆။ အမြဲတမ်းနေရပ်လိပ်စာ ---------------------------------------------------

၇။ ဆက်သွယ်ရန်လိပ်စာ ---------------------------------------------------

( **ပြည့်စုံစွာဖော်ပြရန်** ) ---------------------------------------------------

၈။ ကိုယ်ပိုင်/ တဆင့်ခေါ်တယ်လီဖုန်းနံပါတ် ---------------------------------------------------

၉။ လျှောက်ထားသူ၏ဖခင်အမည် ---------------------------------------------------

၁၀။ ဖခင်၏အလုပ်အကိုင်/ ဌာန ---------------------------------------------------

၁၁။ လျှောက်ထားသူ၏မိခင်အမည် ---------------------------------------------------

၁၂။ မိခင်၏အလုပ်အကိုင်/ ဌာန ---------------------------------------------------

၁၃။ အိမ်ထောင်ရေးအခြေအနေ( လူပျို/ အပျို) ---------------------------------------------------

လျှောက်ထားသူ

လက်မှတ် ။ -------------------------------

အမည် ။ -------------------------------

## ကျောင်းထောက်ခံစာ

လျှောက်ထားသူ------------------------------ သည်၊ ---------------------------------------- မြို့ ၊ ------------------------------------------ကျောင်း၊ -------------------------- ပညာသင်နှစ်၌ အခြေခံပညာ (-------------------------)တန်းကို သင်ယူဖြေဆိုဖူးသူဖြစ်ပါသည်။ ကျောင်းဝင်ခွင့် မှတ်ပုံတင်စာရင်းအရ ၎င်း၏မွေးသက္ကရာဇ်မှာ ------------------------------ (စာဖြင့်) ---------------------------------------------------------------------------------ဖြစ်ပါသည်။

(ကျောင်းတံဆိပ်)

ကျောင်းအုပ်ကြီး

မှတ်ချက်။ ကျောင်းထောက်ခံချက်တွင် မွေးသက္ကရာဇ်ကို ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်နိုင်ရန် စာဖြင့် တိတိကျကျ ရေးသားဖော်ပြရန် မေတ္တာရပ်ခံအပ်ပါသည်။

(၂၁.၉.၂၀၂၃) ရက်နေ့ နံနက် (၁၈:၀၀) နာရီထက် နောက်မကျစေဘဲ အမှတ်(၈) စက်မှုသင်တန်းကျောင်း(သထုံ) **(သို့မဟုတ်)** သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀) နေပြည်တော်သို့ အရောက် ပေးပို့ရမည်။

**လျှောက်ထားသူနှင့် ထောက်ခံသူ မိဘ၏ ကတိဝန်ခံချက်လက်မှတ်ရေးထိုးရန်**

(က) သင်တန်းကာလပြီးဆုံးအောင် တက်ရောက်ပါမည်။

( ခ ) သင်တန်းကာလအတွင်း မည်သည့် စာမေးပွဲကိုမျှ ဖြေဆိုခြင်း မပြုပါ။

( ဂ ) သင်တန်းကျောင်းမှသတ်မှတ်ထားသော စည်းကမ်းများကိုလိုက်နာပါမည်။

| လျှောက်ထားသူ | ထောက်ခံသူမိဘ |
|---|---|
| လက်မှတ် ------------------------------- | လက်မှတ် ------------------------------- |
| အမည် ------------------------------- | အမည် ------------------------------- |
| | နိုင်ငံသားစိစစ်ရေး ------------------------------- |
| | ကတ်အမှတ် |
| | အလုပ်အကိုင်/ဌာန------------------------------ |

ဓာတ်ပုံ (၁) ပုံကပ်ရန်
အပို (၂) ပုံ ပူးတွဲတင်ပြရန်

**စက်မှုဝန်ကြီးဌာန**

**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

**အမှတ် (၈) စက်မှုသင်တန်းကျောင်း (သထုံ)**

**ကျွမ်းကျင်မှုအခြေပြု ကာလတို (၃) လသင်တန်း**

**စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၏**

**သင်တန်းဝင်ခွင့် လျှောက်လွှာ**

၁။ လျှောက်ထားသူအမည် ---------------------------------------------------------

၂။ အလုပ်ဝင်အမှတ် ---------------------------------------------------------

၃။ ရာထူး/ လစာနှုန်း ---------------------------------------------------------

၄။ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ---------------------------------------------------------

၅။ မွေးသက္ကရာဇ်/ အသက် ---------------------------------------------------------

၆။ လူမျိုး/ ဘာသာ ---------------------------------------------------------

၇။ အောင်မြင်ခဲ့သောပညာအရည်အချင်း ---------------------------------------------------------

၈။ အမြဲတမ်းနေရပ်လိပ်စာ ---------------------------------------------------------

( **ပြည့်စုံစွာဖော်ပြရန်** ) ---------------------------------------------------------

၉။ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ် ---------------------------------------------------------

၁၀။ လျှောက်ထားသူ၏ဖခင်အမည် ---------------------------------------------------------

၁၁။ ဖခင်၏အလုပ်အကိုင်/ ဌာန ---------------------------------------------------------

၁၂။ လျှောက်ထားသူ၏မိခင်အမည် ---------------------------------------------------------

၁၃။ မိခင်၏အလုပ်အကိုင်/ ဌာန ---------------------------------------------------------

၁၄။ အိမ်ထောင်ရေးအခြေအနေ( လူပျို/ အပျို) ---------------------------------------------------------

လျှောက်ထားသူ

လက်မှတ်၊ ----------------------------------------

အမည် ၊ ----------------------------------------

## ပညာအရည်အချင်းနှင့်ဝန်ထမ်းဖြစ်ကြောင်းထောက်ခံစာ

လျှောက်ထားသူ-------------------------------- သည် စက်မှုဝန်ကြီးဌာန၊ -----------------------------
-----------------------လုပ်ငန်း၊------------------------------စက်ရုံ/ဌာနတွင်-----------------------------------
ရာထူးဖြင့် လက်ရှိတာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပြီး၊ ပညာအရည်အချင်းမှာ အခြေခံပညာ (-----------
--------------တန်း)ကို---------------------------------- ပညာသင်နှစ်၌ သင်ယူဖြေဆိုဖူးသူ ဖြစ်ကြောင်း ထောက်ခံပါသည်။

ရုံးတံဆိပ်

အထွေထွေမန်နေဂျာ/ ဌာနမှူး

-------------------------------------- လုပ်ငန်း

မှတ်ချက်။ (၂၁.၉.၂၀၂၃)ရက်နေ့ နံနက် (၀၈:၀၀) နာရီထက် နောက်မကျစေဘဲ အမှတ်(၈)စက်မှုသင်တန်းကျောင်း(သထုံ) **(သို့မဟုတ်)** သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀) နေပြည်တော်သို့ အရောက်ပေးပို့ရမည်။

**လျှောက်ထားသူ ဝန်ထမ်းနှင့် ထောက်ခံသူ ဌာနအကြီးအကဲ၏ ကတိဝန်ခံချက်**

(က) သင်တန်းကာလပြီးဆုံးအောင်တက်ရောက်ပါမည်။

( ခ ) သင်တန်းကာလအတွင်း မည်သည့်စာမေးပွဲကိုမျှ ဖြေဆိုခြင်း မပြုပါ။

( ဂ ) သင်တန်းကျောင်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာပါမည်။

(ဃ) သင်တန်းကာလ ပြီးဆုံးသည့်အခါ မိမိတာဝန် ထမ်းဆောင်သည့်ဌာနတွင် သင်တန်းဆင်းသည့် နေ့မှစ၍ (၃) နှစ်ဆက်လက်၍ တာဝန်ထမ်းဆောင်ပါမည်။ အကယ်၍(၃)နှစ်ပြည့်သည့်တိုင်အောင် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်ဝန်ထမ်း တစ်ဦးကဲ့သို့ အရေးယူခြင်းခံရပါမည်။

| လျှောက်ထားသူ | | ထောက်ခံသူဌာနအကြီးအကဲ | |
|---|---|---|---|
| လက်မှတ် | -------------------------------- | လက်မှတ် | ---------------------------- |
| အမည် | -------------------------------- | အမည် | ---------------------------- |
| ရာထူး | -------------------------------- | ရာထူး | ---------------------------- |
| စက်ရုံ/ဌာန | -------------------------------- | စက်ရုံ/ဌာန | ---------------------------- |
| လုပ်ငန်း | -------------------------------- | လုပ်ငန်း | ---------------------------- |